EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၆ ဇွန် ၅ ရက်၊ ၂၀၁၈

# လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဝင်များထဲတွင် လယ်သိမ်းမြေသိမ်းသူများပါဝင်ဟု ဆို

**မေလ ၂၈၊ ၂၀၁၈**




လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီများ၏အဖွဲ့ဝင်အချင်းချင်း လေးစားလိုက်နာအပ်သောကျင့်ဝတ်များ ချိုးဖောက်နေမှုအပေါ် အရေးယူဆောင်ရွက်ပေးရန်နှင့် ကော်မတီဝင်များတွင်လယ်သိမ်းယာသိမ်းသူများပါဝင်နေပြီး အဂတိလိုက်စားမှု အခြေအနေမှန်များကို အရေးတကြီးကိစ္စအဖြစ် ပြန်လည်စိစစ် ရွေးချယ်ပေးရန် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုအား ကန်ကြီးထောင့်မြို့နယ်မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးထွန်းက ရောဝတီတိုင်းလွှတ်တော်တွင် တင်သွင်းခဲ့သည်။

အဆိုပါကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်က ပါဝင်ဆောင်ရွက်ခြင်းကို မနှစ်မြို့ကြောင်း ဦးစိုးမိုးထွန်းက ပြောသည်။

ကန်ကြီးထောင့်မြို့နယ်၊ဒါးကတိုက်နယ်အတွင်း လယ်ယာမြေများကို နာမည်ကြီးကုမ္ပဏီကြီးတစ်ခုက မူလလက်ငုတ်တောင်သူများထံမှ အကြောင်းမဲ့သိမ်းဆည်းခဲ့ပြီး အကျိုးတူလုပ်တစ်စုနှင့် ယူနစ်အလိုက် ခွဲဝေစိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်ဟု ဆိုသည်။

ကုမ္ပဏီကြီးက လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း မူလလက်ငုတ်တောင်သူများသို့စွန့်လွှတ်ခဲ့ခြင်းမဟုတ်ဘဲ အကျိုးတူလုပ်တစ်စုကို စွန့်ကြဲပေးကမ်းခဲ့ခြင်းဟု လွှတ်တော်ကိုယ်စားလှယ်က ဆိုသည်။

"လယ်ယာမြေသိမ်းထားလို့ အတိုင်ခံရသူတွေထဲမှာရပ်ကျေးမြေစိစ်ဥက္ကဋ္ဌနဲ့တောင်သူလယ်သမားရေးရာ လူမှုအထောက်အကူပြုအဖွဲ့ဝင်တွေပါနေပါတယ် ။ ရပ်ကျေးမြေစိစ်ကော်မတီဝင်များကိုယ်တိုင် အမှုတွဲမှာ အစစ်ခံ အဆေးခံနေကြတဲ့ အနေအထားမျိုးမှာ ရလဒ်ကရှင်းပါတယ်"ဟု မြေစိစ်ကော်မတီများနှင့်ပတ်သက်ပြီး အဆိုတွင်ထောက်ပြဝေဖန်ခဲ့သည်။

ထို့ကြောင့် အဂတိလိုက်စားမှု အခြေအနေမှန်များကို ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူဆောင်ရွက်သွားနိုင်ရေး တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ အဆိုအား တိုင်းဒေသကြီးလွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် သဘောတူဆုံးဖြတ်ခဲ့သည်။

(ကိုးကား-http://www.mizzimaburmese.com)

# တရားမဝင်သစ်မှောင်ခိုလုပ်ငန်းများကို အရေးမယူ၍ တိုင်းဒေသကြီးလွှတ်တော်က ကော်မရှင်ဖွဲ့စစ်ဆေးမည်

**မေ ၂၇၊ ၂၀၁၈**

တရားမဝင်သစ်မှောင်ခို လုပ်ကိုင်သူများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြိမ်ကြိမ်တိုင်ကြားသော်လည်း အရေးမယူသဖြင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်က ကော်မရှင်ဖွဲ့ စစ်ဆေးမည်ဖြစ်ကြောင်း တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က (၁၁)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

သာပေါင်းမြို့နယ်တွင် တရားမဝင်သစ်မှောင်ခိုလုပ်ငန်း အများအပြားရှိနေ၍ ထိရောက်သောအရေးယူမှုများ ဆောင်ရွက်ရန် လွှတ်တော်တွင် မေးမြန်းခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တိုင်ကြားစာများ ပေးပို့ခြင်းများ ဆောင်ရွက်သော်လည်း အရေးယူမှုများ မရှိကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မိုးဝါ (သာပေါင်း-၁) က လွှတ်တော်၌ ပြောသည်။

ထို့အပြင် ဖမ်းဆီးအရေးယူရန် ရရှိသည့် သတင်းအချက်အလက်များ ကို ဒေသရှိသစ်တောဝန်ထမ်း များထံ အကြောင်းကြားသည့်အခါ ၎င်းတို့ကိုယ်တိုင် လာဘ်ပေး၊ လာဘ်ယူမှုများပြုလုပ်၍ အကာအကွယ်ပေးထားခြင်း၊သစ်တန်ချိန်လျှော့၍ဖမ်းဆီးခြင်း၊မှန်ကန်သည့်သတင်းရရှိသော်လည်း မတွေ့ရှိဟုဆိုကာ ငြင်းဆိုခြင်း၊ ဖမ်းမိသောအခါတွင် လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူများအကြား ထင်ယောင်ထင်မှားဖြစ်စေရန် ကိုယ်စားလှယ်များကဖမ်းခိုင်း၍ ဖမ်းရခြင်းဖြစ်သည်ဆိုကာ မိမိတာဝန်ကို ရှောင်လွှဲခြင်းများရှိနေကြောင်း ၎င်းကပြောသည်။

"ဒီလိုလုပ်ရပ်မျိုးဟာ ပြည်သူ့ဝန်ထမ်းတွေက ပြည်သူအပေါ် အကြီးမားဆုံး သစ္စာဖောက်မှုပဲ ဖြစ်ပါတယ်"ဟု ဒေါ်ခင်မိုးဝါက ပြောသည်။ သာပေါင်းမြို့နယ်တွင် တရားမဝင်သစ်ထုတ်လုပ်မှုများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မှုခင်းသတင်းထောက်များက ဂိတ်ဖွင့်ကာ လိုင်းကြေးကောက်ခံနေကြောင်း ၎င်းကပြောသည်။

"အဂတိလိုက်စားမှု၊ လာဘ် ပေး၊ လာဘ်ယူမှုတွေကို ပြည်သူများက တိကျစွာတိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမှာပါ"ဟု ဧရာဝတီတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ယင်းမေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

တိုင်းဒေသကြီး ဝန်ကြီး၏ ဖြေဆိုမှုနှင့်ပတ်သက်၍ လွှတ်တော်အမတ်က ဆက်စပ်မေးခွန်းများ ဆက်လက်မေးမြန်းရာ တိုင်းလွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့၍ စစ်ဆေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ **(ကိုးကား-http://7daydaily.com)**

# YBS အပါအဝင် ရန်ကုန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် ဥပဒေရေးဆွဲသွားမည်



**ဇွန် ၁၊ ၂၀၁၈**

YBS စနစ်တွင် ဥပဒေတစ်ခုရေးဆွဲ၍ စနစ်တကျဆောင်ရွက်ပေးရန် ရှိ/မရှိနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)နှင့်ပတ်သက်၍ ဥပဒေတစ်ခုရေးဆွဲ၍ YBS၊ Water Bus၊ Taxi များကို စနစ်တကျဆောင်ရွက်ခြင်း ရှိ/မရှိကို ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့် (တာမွေ-၂)က မေးမြန်းရာ YBS အပြင် Water Bus နှင့် Taxi များအတွက်ပါ ဥပဒေရေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ဇွန်လ ၁ ရက်နေ့၊ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့တွင် ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် အခြားလိုအပ်သော အမိန့်ညွှန်ကြားချက်များ၊ ဥပဒေနှင့် နည်းဥပဒေများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

လက်ရှိအချိန်တွင် တပ်မတော်အစိုးရလက်ထက်မှ အမိန့်ညွှန်ကြားချက်ဖြစ်သည့် အများပြည်သူနှင့် သက်ဆိုင်သော ယာဉ်လုပ်ငန်းများကို ယာဉ်စည်းကမ်းထိမ်းသိမ်းရေး ၁၃၈ ချက်၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ကုန်းလမ်းပို့ဆောင်ရေးဥပဒေ၊ ရေကြောင်းပို့ဆောင်ရေးဥပဒေနှင့် သက်ဆိုင်ရာဌာနအလိုက်ဥပဒေများဖြင့် ဆောင်ရွက်ကြပ်မတ်နေသည်ဟု ၎င်းကဆိုသည်။

**(ကိုးကား-www.mizzimaburmese.com)**

# မွန်အစိုးရ တာဝန်မကျေဟု ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ပြော

**မေ ၂၉၊ ၂၀၁၈**

လုပ်ငန်းပေါင်းများစွာ ဘဏ္ဍာနှစ်ကျော်လွန်လုပ်ကိုင်နေသဖြင့် မွန်ပြည်နယ်အစိုးရသည် ပေးအပ်ထားသည့် တာဝန်မကျေကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောကြားလိုက်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကျော်လွန်ပြီး သက်တမ်းတိုးဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း ၁၆ ခု ကျန်ရှိနေကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရှင်းလင်းချက်နှင့်ပတ်သက်ပြီး ဒေါက်တာအောင်နိုင်ဦးက ထိုသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာနှစ်လွန် ခွင့်ပြုခဲ့သော အဆောက်အအုံ ၁၆ လုံးရှိပြီး သက်တမ်းတိုးကာလကို ဇွန် ၂၄ ရက်နေ့အဖြစ် သတ်မှတ်ထားသည်။ အစိုးရအနေဖြင့် ဘဏ္ဍာရေးနှစ် ကုန်သည်နှင့် အစီရင်ခံစာတင်ပြရမည်ဖြစ်ပြီး ယင်းနောက်တွင်မှ သက်တမ်းတိုးရမည်ဖြစ်ကြောင်း ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။ "ဘာကြောင့်နောက်ကျတာလဲဆိုတာ ဖြေရှင်းရမယ်။ တင်ဒါခေါ်တာ နောက်ကျတာလား။ ကိုယ့်ဘက်က အားနည်းတာလား။ ကုမ္ပဏီက အားနည်းတာလား။ ဖြေရှင်းချက်ပေးရမယ်"ဟု ၎င်းက ဆိုသည်။

ဘဏ္ဍာနှစ်လွန်အဖြစ် ခွင့်ပြုခဲ့သော အဆောက်အအုံ ၁၆ လုံးအနက် ဧည့်ရိပ်သာ ၁ လုံး၊ ရုံးသစ် ၂ ရုံးနှင့် ဈေး ၁ ခုတို့မှာ သတ်မှတ်ကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ အိမ်ရာစီမံကိန်း ၁ ခုနှင့် ဗိုင်းဝန်ကွင်းဈေး ၁ ခုသာ ကျန်ရှိမည်ဖြစ်ကြောင်း မွန်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်က ရှင်းပြသည်။ **(ကိုးကား-http://thevoicemyanmar.com)**

# အမျိုးသားလွှတ်တော်ရုံး ဒုညွှန်ကြားရေးမှူးချုပ်ကို ချင်းပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီးအဖြစ် ခန့်အပ်

**မေ ၂၆၊ ၂၀၁၈**

ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ရာထူးမှနုတ်ထွက်သွားသည့် ဆလိုင်းအိုက်ဇက်ခင် နေရာတွင် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (ဒုတိယဗိုလ်မှူးကြီးဟောင်း) ဦးစိုးထက်ကို ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် ခန့်အပ်ကြောင်း နိုင်ငံတော်သမ္မတရုံးက မေလ ၂၆ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ဦးစိုးထက်အား ခန့်အပ်ရန် ချင်းပြည်နယ်လွှတ်တော်၌ အမည်စာရင်းတင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကို ကြိုတင်ရယူခြင်း မရှိသည့်အတွက်ဆိုကာ NLD ပါတီဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အချို့က လွှတ်တော်အစည်းအဝေးခန်းမမှထွက်ခွာပြီး ဆန္ဒဖော်ထုတ်မှုများ ရှိသည်။



**ချင်းပြည်နယ်ဝန်ကြီးဟောင်းဆလိုင်းအိုက်ဇင်ခင်နှင့် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးသစ် ဖြစ်လာသူ ဒုတိယဗိုလ်မှူးကြီးဟောင်း ဦးစိုးထက်တို့အား အတူတွေ့ရစဉ်။ (ဓာတ်ပုံ-ဆလိုင်းအိုက်ဇက်ခင်)**

ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်ခံရသည့် ဦးစိုးထက်သည် ၁၉၈၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သတ္တဗေဒဘွဲ့ရရှိခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၂၀၁၃ ခုနှစ်တွင် အမျိုးသားလွှတ်တော်ရုံး၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**(ကိုးကား -www.mizzimaburmese.com)**

# လွှတ်တော်က ဖြတ်တောက်ခဲ့သည့် ကျပ်သိန်းပေါင်းတစ်သိန်းကျော် ပညာရေးနှင့်ကျန်းမာရေးအပါအဝင် အခြားကဏ္ဍများတွင် ခွဲဝေ

**မေ ၂၉၊ ၂၀၁၈**

ဒုတိယအကြိမ်မြောက်ကျင်းပသည့် မန္တလေးတိုင်းလွှတ်တော်က ဖြတ်တောက်ခဲ့သော ဘဏ္ဍာငွေကျပ်သိန်းပေါင်း တစ်သိန်းကျော်ကို ပညာရေးနှင့် ကျန်းမာရေးအပါအဝင် အခြားကဏ္ဍများအတွက် ပြန်လည်ခွဲဝေပေးခဲ့ သည်။

ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ သဘာဝဘေးကူညီထောက်ပံ့ရေး လုပ်ငန်းတို့အတွက် ကျပ်သိန်းတစ်သောင်းစီ၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများအတွက် သိန်းနှစ်သောင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ အားကစားကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများအတွက် ကျပ်သိန်းငါးထောင်စီ၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျပ် ၂၃,၄၆၉ ဒသမ ၁၈၀ သိန်း၊ မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ မန္တလေးမြို့ပေါ် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများအတွက် ကျပ် ၁၃,၅၁၀ သိန်းတို့ သုံးစွဲသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက လွှတ်တော်သို့ တင်သွင်းခဲ့သည်။

"လွှတ်တော်က ဖြတ်တောက်လိုက်တဲ့အတွက် ခေါင်းစဉ်ပြောင်းသွားတယ်။ အရင်လျာထားတဲ့ငွေကို ခေါင်းစဉ်ပြောင်းသုံးတာပါပဲ"ဟု ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ် (၁) မှ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သည် ယခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိဖြစ်ပြီး မန္တလေးတိုင်း အစိုးရအနေနှင့် စုစုပေါင်း ခန့်မှန်းအသုံးစရိတ် ကျပ်သန်းပေါင်း ၃၂၂,၈၁၉ ဒသမ ၉၆၄ ရှိမည်ဖြစ်သည်။

**(ကိုးကား- http://thevoicemyanmar.com)**